# Burmese Democratic Futures Working Group – BDFWG

# University of Virginia

## Weekly Summary (December 22 - 31, 2024)

### ဒီဇင်ဘာလ နောက်ဆုံးပတ်အတွင်း အရပ်သား ထိခိုက် / သေဆုံး / ဆုံးရှုံးမှုများ

- မြန်မာနိုင်ငံ အနှံ့အပြားတွင် ဒီဇင်ဘာလ နောက်ဆုံးပတ်အတွင်း စစ်ကောင်စီတပ်၏ လေကြောင်းနှင့် လက်နက်ကြီး ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူ ၁၂၂ ဦး သေဆုံးခဲ့ပါသည်။ ထိုအထဲတွင် ကလေး ၃ ယောက်နှင့် အမျိုးသမီး ၈ ဦး ပါဝင်ပါသည်။
- မွန်ပြည်နယ်တွင် သေဆုံးမှုဦးရေမှာ အများဆုံးဖြစ်ပြီး ၅၃ ဦး သေဆုံးခဲ့ပါသည်။ ရခိုင်ပြည်နယ်တွင် ၄၅ ဦး၊ မကွေးတိုင်းတွင် ၁၀ ဦး၊ မန္တလေးတိုင်းတွင် ၉ ဦး၊ ပဲခူးတိုင်းတွင် ၂ ဦး၊ ချင်းပြည်နယ်၊ ကရင်နီပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့တွင် ၁ ဦးစီတို့ ဖြစ်ကြပါသည်။
- လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် သေဆုံးသူ ၁၆ ဦး၊ လေကြောင်းနှင့် ဒရုန်းဖြင့်တိုက်ခိုက်မှုကြောင့် သေဆုံးသူ ၁၂ ဦးတို့ ဖြစ်ပါသည်။

### မီးရှို့ဖျက်ဆီးမှုများ

မြန်မာနိုင်ငံရှိ မကွေးတိုင်းနှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ဒီဇင်ဘာလ နောက်ဆုံးပတ်အတွင်း စစ်ကောင်စီတပ် မီးရှို့သဖြင့် နေအိမ် ၄၅၀ လုံး မီးလောင်ပျက်စီးခဲ့ပါသည်။

**ဖမ်းဆီးခံရမှုများ**

မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်း ၇ ခုတွင် ဒီဇင်ဘာလ နောက်ဆုံးပတ်အတွင်း အရပ်သားပြည်သူ ၂၅၈ ဦး ဖမ်းဆီးခံခဲ့ရသည်။

- စစ်ကိုင်းတိုင်းတွင် ၁၅၀ ဦး၊ ရန်ကုန်တိုင်းတွင် ၃၂ ဦး၊ တနင်္သာရီတိုင်းတွင် ၃၀ ဦး၊ ပဲခူးတိုင်းတွင် ၁၈ ဦး၊ မန္တလေးတိုင်းတွင် ၁၄ ဦး၊ ရခိုင်ပြည်နယ်တွင် ၁၀ ဦးနှင့် မကွေးတိုင်းတွင် ၄ ဦးတို့ ဖြစ်ကြပါသည်။

**လေကြောင်းမှ တိုက်ခိုက်မှုများ**

မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်း ၈ ခုတွင် ဒီဇင်ဘာလ နောက်ဆုံးပတ်အတွင်း စစ်ကောင်စီတပ်မှ လေကြောင်း တိုက်ခိုက်မှု ၁၉ ကြိမ်ပြုလုပ်ခဲ့ပါသည်။ ရခိုင်ပြည်နယ်တွင် ၅ ကြိမ်၊ မန္တလေးတိုင်းတွင် ၄ ကြိမ်၊ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ၃ ကြိမ်၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ၂ ကြိမ်စီ၊ ကရင်နီပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၁ ကြိမ်စီတို့ ဖြစ်ကြပါသည်။

## ဒီဇင်ဘာလ နောက်ဆုံးပတ်အတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများ

### တိုက်ပွဲနှင့် ထိခိုက်သေဆုံးမှု

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ နောက်ဆုံးပတ်အတွင်း ဒရုန်းဖြင့်တိုက်ခိုက်မှုအပါအဝင် တိုက်ပွဲကြီးငယ်ပေါင်း ၉၃ ကြိမ် ဖြစ်ပွားခဲ့သည်။ ကချင်ပြည်နယ်တွင် တိုက်ပွဲအကြိမ်အရေအတွက် အများဆုံး ဖြစ်ပြီး ၂၀ ကြိမ် ဖြစ်ပွားခဲ့သည်။ ရခိုင်ပြည်နယ်တွင် တိုက်ပွဲအကြိမ်အရေအတွက် ဒုတိယများဆုံးဖြစ်ပြီး ၁၆ ကြိမ် ဖြစ်ပွားခဲ့သည်။ မကွေးတိုင်းတွင် ၁၅ ကြိမ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၁၂ ကြိမ်၊ စစ်ကိုင်းတိုင်းတွင် ၉ ကြိမ်၊ မန္တလေးတိုင်းတွင် ၈ ကြိမ်၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ၄ ကြိမ်စီ၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၂ ကြိမ်စီ၊ မွန်ပြည်နယ်တွင် ၁ ကြိမ်တို့ ဖြစ်ကြပါသည်။ ဧရာဝတီတိုင်း၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် တိုက်ပွဲဖြစ်ပွားခြင်း လုံးဝမရှိပါ။

ဒီဇင်ဘာလ နောက်ဆုံးပတ်အတွင်း တိုက်ပွဲများတွင် စစ်ကောင်စီတပ်သား ၈၇၁ ဦး သေဆုံးခဲ့ပြီး တော်လှန်ရေး ပူးပေါင်းတပ်ဖွဲ့မှ ၉ ဦး ကျဆုံးခဲ့ပါသည်။

**ဒီဇင်ဘာလ ၂၂ ရက်မှ ၃၁ ရက်အထိ တစ်ပတ်အတွင်းရရှိသော သတင်းများအပေါ် အခြေခံထားပါသည်။**

# တစ်ပတ်အတွင်း စစ်ရေးဖြစ်ပေါ်တိုးတက်မှု

## AA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး

- ရခိုင်ပြည်နယ်၊ ဂွမြို့ရှိ စစ်ကောင်စီတပ်၏ အမှတ် (၅၆၂) ခြေမြန်တပ်ရင်း (ခမရ-၅၆၂) ကို အာရက္ခတပ်တော် (AA) က ဒီဇင်ဘာ ၂၈ ရက်တွင် တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ပြီး စစ်တပ်ဘက်မှ တပ်မမှူး ဗိုလ်မှူးကြီး သန်းစိုးဝင်း၊ တပ်ရင်းမှူးများ အပါအဝင် စစ်သား ၇၀၀ ထက်မနည်း သေဆုံးပြီး သံချပ်ကာကားများ၊ လက်နက် ခဲယမ်းများနှင့် စစ်သုံ့ပန်းများ ဖမ်းဆီးရရှိခဲ့သည်။

## KIA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး

- ဒီဇင်ဘာ ၄ ရက်က ကချင်ပြည်နယ်၊  မံစီမြို့အပြင်တွင် ကျန်နေသော ခမရ(၆၀၁)၊ ခမရ(၃၁၉) တပ်ရင်းနှင့် အမြောက်တပ် (၅၂၃)တပ်ရင်းတို့ကို KIA နှင့် မဟာမိတ်များက ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ရာ ဒီဇင်ဘာ ၂၅ ရက်၌ အဆိုပါတပ်ရင်း သုံးရင်းကို အပြီးသတ်သိမ်းယူနိုင်ခဲ့ပြီး တိုက်ပွဲအတွင်းစစ်ကောင်စီတပ်မှ ဗျူဟာမှူး ဗိုလ်မှူးကြီးအောင်ငြိမ်းချမ်း သေဆုံးခဲ့သည်။




| Data of Myanmar Conflict 22-31, December 2024 | | | | | | | | |
|---|---|---|---|---|---|---|---|---|
| **States** | **Clashes between SAC and PDF/EAOs** | **Air Strike** | **SAC's soldiers killed** | **PDF killed** | **Children killed** | **Civilians killed** | **Civilians arrested** | **Houses burned down** |
| **AYEYARWADY** | | | | | | | 30 | |
| **BAGO** | 4 | | 25 | | | 2 | 18 | |
| **CHIN** | | | | | | 1 | | |
| **KACHIN** | 20 | | 1 | | | | | |
| **KARENNI** | | 1 | | | | 1 | | |
| **KAYIN** | 2 | 1 | 2 | | | | | |
| **MAGWAY** | 15 | 2 | 88 | 2 | | 10 | 4 | 80 |
| **MANDALAY** | 8 | 4 | 17 | 3 | 3 | 6 | 14 | |
| **MON** | 1 | 1 | 3 | | | 53 | | |
| **RAKHINE** | 16 | 5 | 700 | | | 45 | 10 | |
| **SAGAING** | 9 | | 27 | 4 | | 1 | 150 | |
| **SHAN (N)** | 12 | | | | | | | |
| **SHAN (S)** | 2 | 3 | 3 | | | | | 370 |
| **TANINTHARYI** | 4 | 2 | 5 | | | | | |
| **YANGON** | | | | | | | 32 | |
| **TOTAL** | **93** | **19** | **871** | **9** | **3** | **119** | **258** | **450** |

# Map of Myanmar Conflict ( December 22-31, 2024 )



## တစ်ပတ်အတွင်း နိုင်ငံရေးဖြစ်စဉ်

၂၀၂၄ ခုနှစ် သန်းခေါင်စာရင်း ကောက်ယူမှုအရ မြန်မာနိုင်ငံရဲ့ လူဦးရေ ၅၁ သန်းကျော် (၅၁,၃၁၆,၇၅၆) ရှိကြောင်း စစ်ကောင်စီရဲ့ ပြည်သူ့အင်အားဦးစီးဌာနက ဒီဇင်ဘာ ၃၁ ရက်မှာ ရွှေ့ပြောင်းလူဦးရေစာရင်းအဖြစ် ထုတ်ပြန်ပါတယ်။ စာရင်း ကောက်ယူနိုင်တဲ့ လူဦးရေက ၃၂ သန်းကျော် (၃၂,၁၉၁,၄၀၇) ဖြစ်ပြီး လူဦးရေ ၁၉ သန်းကျော် (၁၉,၁၂၅,၃၄၉) ကိုတော့ ခန့်မှန်းတွက်ချက်ထားတာလို့ ဆိုပါတယ်။

**ကိုးကား - The Irrawaddy, Ayeyarwaddy Times, Myanmar Pressphoto Agency, Khit Thit Media, Narinjara, Mizzima, Myanmar Now, DVB, BBC, MeKong News, ThanLwin Times, PVTV, RFA, ThanLwin Myanmar, Khonumthung Burmese.**